**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေ သတင်းထုတ်ပြန်ချက်အမှတ်စဉ်( ၅ /၂၀၂၁)**

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကော်မရှင်မှ လက်ခံရရှိခဲ့သော တိုင်တန်းချက် (၃၄) စောင်၊ ဇန်နဝါရီလ လက်ကျန် (၂၈) စောင်၊ စုစုပေါင်း (၆၂) စောင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့ခြင်း | - | ၁၆ | စောင် |
| (ခ) | တိုင်တန်းသူများထံ အကြောင်းကြားခြင်း | - | ၆ | စောင် |
| (ဂ) | မှတ်တမ်းထားရှိခြင်း | - | ၁၈ | စောင် |
| (ဃ) | လက်ကျန် | - | ၂၂ | စောင် |
| စုစုပေါင်း | | - | ၆၂ | စောင် |

၂။ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်တန်းချက်များအပေါ် ပြန်ကြားချက် (၂၈) စောင်ကို လက်ခံရရှိခဲ့ပြီး တိုင်တန်းသူ ကာယကံရှင်များထံ ကော်မရှင်မှ ပေးပို့ပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

၃။ မှတ်တမ်းထားရှိခဲ့သည့် တိုင်တန်းချက် (၁၈) စောင်သည် ကော်မရှင် ဥပဒေ ပုဒ်မ ၃၇ အရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ စစ်ဆေးဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်သော အမှုများနှင့် ကော်မရှင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များ ဖြစ်သဖြင့် ဆက်လက် အရေးယူ ဆောင်ရွက်ရန် မလိုအပ်သောကြောင့် မှတ်တမ်းအနေဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိပါသည်။

၄။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်း ပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက် တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း၊ ပြည်ပ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက ဖက်စ်ဖုန်း ၀၁-၆၅၄၆၇၈ သို့လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm အီးမေးလ်လိပ်စာများသို့ လည်းကောင်း ပေးပို့တိုင်ကြားနိုင်ပါသည်။

၅။ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေးနှင့် မသန်စွမ်းသူများ အခွင့်အရေးဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ် အခွင့်အရေးနှင့် မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါကလည်း တိုင်တန်းနိုင်ပါသည်။

၆။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း ဖြစ်စဉ်ကို ရှင်းလင်း ပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည် ဖြစ်ပြီး လိုအပ်ပါက တိုင်ကြားစာပါ ဖြစ်စဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများ မိတ္တူ များ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည့် အထောက်အထားများကို ပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်